## အဓိကကျသော စာရင်းဇယားများ

ရွှေ့ပြောင်းအလုပ်သမားအမျိုးအစား နှင့် အလုပ်လုပ်ခွင့်ပါမစ်ရသော ရာခိုင်နှုန်းဖော်ပြခြင်း

ရွှေ့ပြောင်းအလုပ်သမား နှင့် ၎င်းတို့အားမှီခိုသူများ၏ မှတ်ပုံတင်ခြင်း - ဖေဖော်ဝါရီ **2560**

## မူဝါဒ နှင့် ဥပဒေ

*ဇန်နဝါရီလ 2560*

1. လူကုန်ကူးမှုကြောင့်ဆုံးရှုံးနစ်နာရသူများအတွက် အလုပ်လုပ်ခွင့်စာရွက်စာတမ်းများပြုလုပ်ခြင်း ......................................*2*
2. ရေလုပ်သားများအတွက် သက်သေခံအထောက်အထားများလုပ်ဆောင်ရာတွင်အချိန်ထပ်ပေးရန်..........................2
3. တစ်နိုင်ငံလုံးအတွင်းရှိ နေထိုင်ကြသော ရွှေ့ပြောင်းလုပ်သားများအတွက်နေထိုင်ခွင့်ရရန်နေရာများစီမံပေးခြင်း......... *3*
4. ထိုင်းနိုင်ငံသားမဟုတ်သော အထောက်အထားလက်မှတ်အား ကိုယ်တိုင်ကျခံစေခြင်း. 2560 ...................................... *4*


*ဖေဖော်ဝါရီလ 2560*

1. ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများအတွက် PP/TD နှင့် OCWC တို့ထံသို့တင်ပြပြီးရှေ့ဆက်လုပ်ဆောင်ပေးရန် .... *5*
2. ထိုင်းအစိုးရနှင့်လာအိုအစိုးရကြား အလုပ်သမားသဘောတူညီချက်ကို ရှေ့ဆက်ရန်............................................ .....*6*
3. ထိုင်းအစိုးရနှင့် လာအိုအစိုးရကြား လူကုန်ကူးမှုတိုက်ဖျက်ရာတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရန်................................... *6*

| **နိုင်ငံသား အမျိုးအစား** | မြန်မာ | ကမ္ဘောဒီးယ | လာအို | စုစုပေါင်း |
|---|---|---|---|---|
| နိုင်ငံသားစီစစ်ပြီးသူ (NV ) | 724,874 | 95,757 | 60,618 | 881,249 |
| MOU | 203,182 | 151,106 | 45,454 | 399,742 |
| နေထိုင်ခွင့်ဆက်ရထားသူ | 723,360 | 385,829 | 69,489 | 1,178,678 |
| ရေလုပ်သား | 21,041 | 16,946 | 845 | 38,832 |
| ပင်လယ်အစာလုပ်ငန်း | 76,081 | 29,693 | 3,436 | 109,210 |
| နယ်စပ်ဖြတ်ကျော်ကာဒ် | 1,069 | 10,606 | - | 11,675 |
| **စုစုပေါင်း** | **1,749,607** | **689,937** | **179,842** | **2,619,386** |

ရွှေ့ပြောင်းအလုပ်သမားများ၏ အချက်အလက်များ စုစည်းရာဌာန နှင့် ဝပ်ဆိုဒ် (နောက်ဆုံးရအချက်အလက် 27 ဖေဖော်ဝါရီလ 2560)

ဖေဖောဝါရီလ2560 ခုနှစ်အတွင်း ခွင့်ပြုချက်ရရှိပြီးသော အမျိုးအစားများအား ရာခိုင်နှုန်းဖြင့်ဖော်ပြခြင်း




| **နိုင်ငံသား အမျိုးအစား** | မြန်မာ | ကမ္ဘောဒီးယား | လာအို | စုစုပေါင်း |
|---|---|---|---|---|
| ပန်းရောင်ကာဒ်ပြုလုပ်သူ | 11,157 | 10,559 | 1,953 | 23,669 |
| ပင်လယ်အစာလုပ်ငန်း | 1,888 | 1,330 | 161 | 3,379 |
| စုစုပေါင်း | **13,045** | **11,889** | **2,114** | **27,048** |

ရွှေ့ပြောင်းအလုပ်သမားများ၏ အချက်အလက်များ ဝပ်ဆိုဒ် (နောက်ဆုံးရအချက်အလက် 27 ဖေဖော်ဝါရီလ 2560)

## 1. လူကုန်ကူးမှု၏ဓါးစာခံ နှင့် သက်သာဖြစ်သောသူများအားအလုပ်လုပ်ခွင့်လျှောက်ထားရာတွင် ဝန်ဆောင်ခကင်းလွတ်စေခြင်း

24 ရက်နေ့၊ ဇန်နဝါရီလ၊ 2560 ခုနှစ်တွင် အစိုးရဝန်ကြီးများ၏ အတည်ပြုခြင်း နှင့် အလုပ်သမားဝန်ကြီးဌာန၏ တင်ပြ ချက်အား သဘော တူညီမှုဖြစ်သော -

1.လူကုန်ကူးမှုဆိုင်ရာဥပဒေ သက္က ရာဇ် ... ၏ ဥပဒေပုဒ်မအရ လူကုန်ကူး ခြင်းခံရသူ နှင့် အမှုရင်ဆိုင် လျက်ရှိ သူအား အလုပ်လုပ်ခွင့် လျှောက်ထား ရာတွင် အစိုးရဝန်ကြီးများ၏ ဆုံးဖြတ် ချက်အရ ဝန်ဆောင်ခ ကင်းလွတ်ခွင့် ပြုခြင်း။

2.အစိုးရဝန်ကြီးများ၏ ထုတ်ပြန်ကြေ ငြာချက်သော 2551 ခုနှစ်၊ အလုပ် သမားဥပဒေဆိုင်ရာပုဒ်မ 13 လူကုန် ကူးခြင်းခံရသူ နှင့် တရားရင်ဆိုင် လျက်ရှိသောသူများ အား အလုပ်လုပ် ခွင့်လျှောက်ထားခွင့် ဝန်ဆောင်ခ ကင်းလွတ်ခွင့်ပြုရန် သဘောတူခြင်း။

အရေးကြီးသော ဥပဒေနှင့် ထုတ်ပြန် ကြေငြာချက်မူကြမ်းမှာ -

1. လူကုန်ကူးမှုဆိုင်ရာဥပဒေ သက္က ရာဇ် ... ၏ ဥပဒေပုဒ်မအရ လူကုန်ကူး ခြင်းခံရသူ နှင့် အမှုဆိုင်ရာလျက်ရှိ သောသူအား အလုပ်လုပ်ခွင့်လျှောက်ထား ရာတွင် အစိုးရဝန်ကြီးများ၏ ဆုံးဖြတ် ချက်အရ ဝန်ဆောင်ခ ကင်းလွတ်ခွင့် ပြုခြင်းသည် ရွှေ့ပြောင်းအလုပ်သမားအက် ဥပဒေ သက္ကရာဇ် 2551 ခုနှစ်၏ ဘဏ္ဍာရေးနောက်ဆုံးအပိုဒ်တွင် ဝန်ဆောင်ခ ကင်းလွတ်ပေးရန် ဖော်ပြထားသည်ဖြစ်၍ ၎င်းတို့မှာ -

(1) သက္ကရာဇ် 2551 ခုနှစ် လူကုန်ကူးမှုဆိုင် ရာနှိမ်နင်းခြင်းနှင့် ကာကွယ် ခြင်း ဥပဒေအရ လူကုန်ကူးခြင်းခံရသူဖြစ်ခြင်း။

(2) သက္ကရာဇ် 2551 ခုနှစ် လူကုန်ကူးမှုဆိုင်ရာနှိမ်နင်းခြင်း နှင့် ကာကွယ်ခြင်း ဥပဒေအရ လူကုန်ကူးခြင်းခံရသူသည် တရားခွင်၌ သက်သေအဖြစ် ရင်ဆိုင် လျက်ရှိသောသူခြင်း။

(3) အထက်ဖော်ပြပါအချက် (1) နှင့် (2) ပါရွှေ့ပြောင်းအလုပ်သမား၏ ကလေး ဖြစ်၍ မှီခိုလျက်ရှိသောအသက် 15 နှစ်အထက် နှင့် 18 နှစ် မကျော်သောသူ ဖြစ်ခြင်း။

(4) အထက်ဖော်ပြပါအချက် (1) နှင့် (2) ပါရွှေ့ပြောင်းအလုပ်သမား၏ ကလေး ဖြစ်၍ မှီခိုလျက်ရှိသောအသက် 18 နှစ် ပြည့်ပြီး အလုပ်လုပ်ခွင့် ပါမစ်ရထားပြီး သူဖြစ်ခြင်း။

*ဤဝန်ကြီးများအဖွဲ့၏အတည်ပြုချက်မူကြမ်းသည် လူကုန်ကူး ခြင်းခံရသူ နှင့် အမှုရင်ဆိုင်လျက်ရှိသူ အား အမှုရင်ဆိုင်ပြီးစီး သည့်တိုင်အောင် နေထိုင်ခွင့်ပြုထားသည်။ ၁၃ ရက်နေ့၊ ဒီဇင်ဘာလ၊ 2559 ခုနှစ် ဝန်ကြီးများအဖွဲ့ ဆုံးဖြတ်ချက်အရ ရွှေ့ပြောင်းအလုပ်သမား တို့ ကလေးများသည်လည်း ထိုင်းနိုင်ငံ အတွင်း ယာယီနေထိုင်ခွင့်အား နှစ်နှစ်တိုင်အောင် ခွင့်ပြုသည်။ ဤမူကြမ်းတွင် ရွှေ့ပြောင်း အလုပ်သမားသည် အလုပ်ရှင်နှင့် သဘောတူညီချက်ယူ၍ မည် သည့်အလုပ်အမျိုးအစားမဆို လုပ်ခွင့်ရှိပြီး၊ ချွင်းချက်အဖြင့် အသက် 15 နှစ်အထက်နှင့် 18 နှစ်မပြည့်သေးသောကလေးများသည် ဥပဒေ ၏သတ်မှတ် ထားသောအလုပ်အမျိုးအစားကိုသာ လုပ်ခွင့်ပြုသည်။ ထို သူတို့အား ဝန်ဆောင်ခ ကင်းလွတ်ခွင့်ပေးသည်။ ထို့ကြောင့် ဤမူကြမ်း သည် လူကုန်ကူးခံရသောသူနှင့် တရားရင်ဆိုင်နေရသူများအတွက် အလုပ်အကိုင်အခွင့်အရေးနှင့် အမှုဆိုင်ရာတွင်ဥပဒေအရ ကူညီမှုပေး နိုင်ရန် များစွာအထောက်အကူဖြစ်စေသည်။*

***အထူးသဖြင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဤဝန်ကြီးများဆုံးဖြတ်ချက် မူကြမ်းသည် တကယ်လက်တွေ့ကျကျအသုံးခြင်း၊ ဆောင်ရွက်ခြင်းရှိ၊ မရှိ နှင့် လူကုန်ကူးခြင်းခံရသူနှင့် အမှုရင်ဆိုင်ရသော ဓါးစာခံများအတွက် အကျိုးဖြစ် ထွန်းစေရန် နောက်ဆက်တွဲလိုက်လံ၍ အကျိုးရလဒ်အား သပ်သုံးရန် လိုအပ်သည်။***

ကိုယ်ရေးရာဇဝင်ဖြည့်စွက်သည့်အခါ ၎င်း၏အသက် ၁၈ နှစ်မပြည့်မီ ရက် 30 အလို တွင်ဖြစ်ခြင်း။

2.ရွှေ့ပြောင်းအလုပ်သမား အလုပ်အမျိုးအစား သတ်မှတ်ပေးခြင်းဆိုင်ရာ ပုဒ်မ 13 ရွှေ့ပြောင်း အလုပ်သမားအက် ဥပဒေ သက္ကရာဇ် 2551 ခုနှစ် အရ ဝန်ကြီးချုပ်၏ ထုတ်ပြန် ကြေငြာချက် မူကြမ်း သည် လူကုန်ကူး ခြင်းခံရသူ နှင့် အမှုရင်ဆိုင် လျက်ရှိ သူအား -

(1) ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဌာန၊ ဝန်ကြီးများအဖွဲ့၏အတည်ပြုချက်အရ ထိုင်း နိုင်ငံအတွင်း နေထိုင်ခွင့် အထူးပေးရန် ခွင့်ပြုလိုက် သော ဝန်ကြီးများအဖွဲ့ဆုံးဖြတ်ချက်အရ ၁၃ ရက် နေ့၊ ဒီဇင်ဘာလ၊ 2559 ခုနှစ်တွင် ထုတ်ပြန်သော မူကြမ်း အရ

1) လူကုန်ကူးခြင်းခံရသူနှင့် အမှုရင် ဆိုင် လျက်ရှိသူ

2) သက္ကရာဇ် 2551 ခုနှစ် လူကုန်ကူးမှု ဆိုင်ရာနှိမ်နင်းခြင်း နှင့် ကာကွယ်ခြင်းဥပဒေအရ လူ ကုန်ကူးခြင်းခံရပြီး တရားခွင် မရောက်ခင် သက်သေ ထွက်ဆိုလျက်ရှိသူ

3) အထက်ဖော်ပြပါအချက် (1) နှင့် (2) ပါ ရွှေ့ပြောင်း အလုပ်သမား၏ ကလေးဖြစ်၍ မှီခိုလျက် ရှိသော အသက် 15 နှစ်အထက် နှင့် 18 နှစ် မကျော် သောသူ

4) အထက်ဖော်ပြပါအချက် (1) နှင့် (2) ပါရွှေ့ပြောင်း အလုပ်သမား၏ ကလေးဖြစ်၍ မှီခိုလျက်ရှိသော အသက် 18 နှစ် ပြည့်ပြီး အလုပ်လုပ် ပါမစ်ရထား ပြီးသူ၊ ကိုယ်ရေးရာဇဝင်ဖြည့်စွက်သည့်အခါ ၎င်း၏အသက် ၁၈ နှစ်မပြည့်မီ ရက် 30 အလိုတွင်ဖြစ်ခြင်းနှင့် ၎င်း၏မိဘများ ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်ကဲ့သို့ အခွင့် အရေးရှိပါမည်။

(2) ဤမူကြမ်းတွင် ရွှေ့ပြောင်းအလုပ်သမားသည် အလုပ်ရှင်နှင့်သဘောတူ ညီချက်ယူ၍ မည်သည့်အလုပ်အမျိုးအစားမဆို လုပ်ခွင့်ရှိပြီး၊ ချွင်းချက်အဖြင့် အသက် 15 နှစ်အထက်နှင့် 18 နှစ်မပြည့်သေးသောကလေး များသည် ဥပဒေ၏ သတ်မှတ်ထားသော အလုပ်အမျိုးအစားကိုသာ လုပ်ခွင့်ရှိသည်။

## 2. လေ့လုပ်သားနှင့် ပင်လယ်စာလုပ်ငန်းခွင့်အလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့် သက်တမ်းတိုး ပေးခြင်း

ဇန်နဝါရီလ 24 ရက် 2560 ခုနှစ်တွင် ဝန်ကြီးများအဖွဲ့၏ဆုံးဖြတ်ချက်အရ 31 ရက်နေ့၊ ဇန်နဝါရီလ၊ 2560 ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် ရေလုပ် သားများနှင့် 22 ဖေဖော်ဝါရီလ၊ 2560 ခုနှစ် တွင် သက်တမ်းကုန်ဆုံးမည့် ပင်လယ်စာလုပ်ငန်း လုပ်သားများ၏ (အသက် ၁၈ မကျော်သေးသော မှီခိုသူရွှေ့ပြောင်းအလုပ်သမား များ၏ ကလေးငယ်များ) အား သက်သေခံ ကဒ်ပြားများ သက်တမ်းထပ်တိုး ပေး မည်ဖြစ်၍ ထိုအလုပ်သမားအားလုံးကို 1 ရက်နေ့၊ နိုင်ဝင်ဘာလ၊ 2560 ခုနှစ်တွင်

တပြေးညီတည်းသက်ရရှိမည် ဖြစ်သည်။ ထို့နောက် ၎င်းတို့အား နိုင်ငံသားစီစစ်ရေးစနစ်သို့ ခွင့်ပြုထားသော ကာလအတွင်း အပြီးလုပ်ဆောင်ရမည်ဖြစ်ပြီး ရရှိလာသော စာရွက်စာတမ်းအထောက်အထားသည် ခရီးသွားလက်မှတ်အ စား၊ သက်သေခံ ကဒ်ပြားအစားအသုံးပြု၍ ထိုင်းနိုင်ငံအတွင်း 1 ရက်နေ့၊ နိုင်ငံဘာလ၊ 2560 ခုနှစ်အထိ နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်ပေးသွားမည် ဖြစ်သည်။ ထို့နောက် နောက်ထပ်သက်တမ်း 2 နှစ်ကိုသာ ထပ်တိုးပေးမည်ဖြစ်၍ အလုပ်သမားဝန်ကြီးဌာန၏ အဆိုပြုသောနည်းလမ်းအရ -

**အဓိကကျသောအကြောင်းအရာများ**

1. ယခင်က **မြန်မာအစိုးရ** ဘက်မှ နိုင်ငံသားစီစစ်ရေးအစီအစဉ်အား အောက်တိုဘာလ၊ 2559 ခုနှစ်အတွင်း ဆောင်ရွက်မည်ဟု သတ်မှတ်ခဲ့သော်လည်း ဇန်နဝါရီလ 2560 ခုနှစ်သို့ပြောင်းလဲလိုက်ခြင်း (မူလ သတ်မှန်ချိန်ထက် ၃ လကွာခြားခြင်း )၊ **ကမ္ဘောဒီးယားအစိုးရ** ဘက်မှ ကမ္ဘော ဒီးယားအလုပ်သမားများအား နိုင်ဝင်ဘာလအလယ် 25659 ခုနှစ်တွင် နိုင်ငံကူးလက်မှတ် (သို့) ခရီးသွား အထောက်အထားထုတ်ပေးခြင်းစတင်ခဲ့သော် အလုပ်သမားအနည်းစုသာ ခရီးသွားအထောက်အထားများကို သွားလုပ်ကြသောကြောင့် အစိုးရလုပ်ငန်းစဉ်ရည်ရွက်အတိုင်းဖြစ်မလာခဲ့။ ထို့ကြောင့် အစိုးရအနေနှင့် ထိုင်းနိုင်ငံအခြေစိုက် ကမ္ဘောဒီးယားသံရုံးသို့ အကြောင်းကြား၍ ၎င်းပြဿနာအားဖြေရှင်းရန် နည်းလမ်းရှာပြီး ဖြစ်သည်။ **လာအိုအစိုး** ရဘက်မှ နိုင်ငံသားစီစစ်ရေးအစီအစဉ် စတင်ခြင်း မရှိသေး၊ ထို့ ကြောင့် 31 ဇန်နဝါရီလ နှင့် 22 ဖေဖော်ဝါရီလ 2560 ခုနှစ်တွင် အလုပ်လုပ်ခွင့် သက်တမ်းကုန်ဆုံးတော့မည့် ရေလုပ်သားနှင့် ပင်လယ်စာလုပ်ငန်းခွင်အလုပ်သမားများ သန်းနှင့်ချီကာ သတ်မှတ်ထားသော ကာလအတွင်း နိုင်ငံသားစီစစ် နိုင်ခြင်းမရှိ။ ထို့ကြောင့် တံငါသည်ကြီးများအသင်းနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များသည် ရေလုပ်သားနှင့် ပင်လယ်စာလုပ်ငန်းခွင် အလုပ်သမားများအတွက် အလုပ်လုပ်ခွင့်သက်တမ်း ထပ်တိုးပေးရန်၊ အဘယ်ကြောင့်ဆိုသော် ထိုအလုပ်သမားများသည် အလုပ်လုပ် ရာတွင်အရည်ချင်းရှိခြင်း၊ အကယ်၍ အလုပ်သမားအသစ်ထပ်ခေါ်ပါက အလုပ်သင်ပေးရာတွင် အချိန်ကုန်ခြင်းကြောင့် ဖြစ်သည်။

2. ရွှေ့ပြောင်းအလုပ်သမားပြဿနာကိုယ်တွယ်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာကော်မတီမှ ဦးစီးကျင်းပသော 16 ဇန်နဝါရီလ၊ 2560 ခုနှစ်၊ ၁/၂၅၆၀ အကြိမ်အစည်းအဝေး၌ ဒု-ဝန်ကြီးချုပ် နိုင်ပရာ့ဝိ (တ်) ဝုန်စဝံမှ သဘာပတိ အဖြစ် ဦးဆောင်ခဲ့ရာ အဆိုပါ ရွှေ့ပြောင်းအလု ပ်သမား ရေလုပ်သားနှင့် ပင်လယ်စာလုပ်ငန်းအလုပ်သမားများ၏ အလုပ်လုပ်ခွင့် သက်တမ်းတိုးပေးရန် သဘောတူခဲ့သည်။ ၎င်းသက်တမ်းတိုးပေးခြင်းအား ရွှေ့ပြောင်းအလုပ်သမား မှတ်ပုံတင်နိုင်ရန် စင်တာများ (One Stop Service)အား ဖွင့်လှစ်၍ ဆောင်ရွက်စေခဲ့သည်။ ပင်လယ်ကမ်းရိုးတမ်းဒေသများဖြစ်သော 22 ခရိုင်အတွင်းရှိ မြို့တော်ဝန်များမှ သင့်လျော်စွာ ဆောင်ရွက်စေခဲ့သည်။ ဘန်ကောက်မြို့တော်ဝန်အား ဘန်ကောက်မြို့အတွင်းမှ နိုင်ငံသားစီစစ်ပြီး သောအလုပ်သမားများ အား(Visa)တုံး (Non-Immigrant L-A) အမျိုး အစားထုပေးခြင်းနှင့် လဝက (တော်မော် )ရုံး၊ အလုပ်သမားများနေထို င်ရာ နယ်ခရိုင်များမှ လဝကရုံးများအပါအဝင် အလုပ်သမားသများအား ထိုင်းနိုင်ငံအတွင်းနေထိုင် ခွင့်တုံးထုပေးခြင်း၊ နေထိုင်ခွင့် (Visa) အတွက် ဝန် ဆောင်ခအား ဘတ် 500 သတ်မှတ်ပေးခြင်း၊ နေထိုင်ခွင့် (Visa) ရပြီး 15 ရက်အတွင်း အလုပ်လုပ်ခွင့်ပါမစ်လျှောက်ထားရန်သတ်မှတ်ပေးခြင်းနှင့် အတူ -

1) အသက် 55 နှစ်အထက်ရှိသူအား အလုပ်လုပ်ခွင့်မပြုခြင်း

2) အသက် 15 နှစ်ပြည့်ပြီးသော ကလေးများအား အလုပ်လုပ်ပါမစ်ပေး၍ ထိုသူတို့သည် ဥပဒေ၏သတ်မှတ်ထားသောလုပ်ငန်းခွင်များသာ အလုပ်လုပ်ခွင့်ရှိပြီး ၎င်းတို့၏မိဘများ၏ အလုပ်လုပ်ပါမစ်သက်တမ်းအတိုင်းသာ ခွင့်ပြုခြင်း

3) သက် 18 နှစ်ပြည့်ပြီးသောသူအား ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်နှင့် အလုပ်လုပ်ပါမစ်အား ဥပဒေ၏သတ်မှတ်ချက်အတိုင်း 1 နှစ်ဖြစ်ပြီး၊ ၎င်းတို့၏မိဘများအတိုင်း ခွင့်ပြုခြင်း

4) အလုပ်ရှင်၏လုပ်ငန်းနှင့် နယ်မြေပေါ်မူတည်၍ အလုပ်အမျိုးစား ပြောင်းခြင်း၊ အလုပ်အမျိုးစား တိုးခြင်း၊ အလုပ်နေရာ (သို့) အလုပ်ခွင်ပြောင်း ခြင်းများကို ပြုလုပ်ခွင့်ပြုခြင်း (သို့သော် အလုပ်သမားမှတ်ပုံတင်ခြင်းကာလ ပြီးဆုံးမည့် 31 မတ်လ 2560 ခုနှစ် နောက်ပိုင်း ) အလုပ်သမားဝန်ကြီးဌာန ၏သတ်မှတ်ချက်အတိုင်း ဖြစ်သည်။

5) ဒေသအုပ်ချုပ် ဦးစီးဌာနမှ လက်ရှိ အလုပ်သမား များ ၏ကိုယ်ရေးအချက်အလက်များအား အလုပ်သမားရှာဖွေရေးဌာနသို့ လွှဲပြောင်းပေးရန်နှင့် လုပ်ငန်းစဉ်အား 1 ဖေဖော်ဝါရီလ - မတ်လ 2560 ခုနှစ်အတွင်း စတင်ဆောင်ရွက်စေခြင်း

## 3. ထိုင်းတစ်နိုင်ငံလုံးရှိ ရွှေ့ပြောင်းအလုပ်သမားများ၏နေရာထိုင်ခင်းများနှင့်စည်းမျဉ်းစည်းကမ်းများအားစီစဉ်ဆောင်ရွက်ခြင်း

17 ရက်နေ့၊ ဇန်နဝါရီလ၊ 2560 ခုနှစ်တွင် ဝန်ကြီးချုပ်မှ လုံခြုံရေးဆိုင်ရာအမိန့်ထုတ်ခဲ့သည်။ အဆိုပါအမိန့်အား ဒု-ဝန်ကြီးချုပ် နိုင်ပရာ့ဝိ (တ်) ဝုန်စဝံမှ ကြီးကြပ်ကွပ်ကဲမည်ဖြစ်၍ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ဌာနများမှ ခရိုင်အသီးသီး၌ရှိသော ရွှေ့ပြောင်းအလုပ်သမားများအား စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ စီမံဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားအများစုနေထိုင်သော ရနောင်း၊ စမုတ်စာခွန်၊လိုဒေသများတွင် Zoning ခေါ် ရွှေ့ပြောင်းအလုပ်သမားများစုပေါင်းနေထိုင်ရန်ဇုန်တစ်ခု စီမံဆောင်ရွက်ရန်၊ ၎င်းအား အလုပ်သမားဝန်ကြီးဌာန နှင့် လူမှုဖွံ့ဖြိုးရေးနှင့်လူမှုလုံခြုံရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ Zoning ရွှေ့ပြောင်းအလုပ်သမားများစုပေါင်းနေထိုင်ရန်ဇုန်အား အမြန်ဆုံးစီမံဆောင်ရွက်ရန်နှင့် အဆိုပါကိစ္စနှင့်ပတ်သက်သောဆောင်ရွက်မှုအစီရင်ခံအား ဝန်ကြီးများအဖွဲ့သို့ ဖေဖော်ဝန်ရီလ 2560 ခုနှစ်အတွင်း တင်သွင်းရန် ညွှန်ကြားခဲ့သည်။

လူကုန်ကူးမှုနှင့် တရားမဝင်အလုပ်သမားပြဿနာဖြေရှင်းရေး ဆပ်ကော်မတီ၏ လေ့လာချက်အရ 3 နိုင်ငံ ရွှေ့ပြောင်းအလုပ်သမားဦးရေ 5 သောင်းအထက် ရှိသော နယ်မြေများ တွင် (ဇုန်နင်း ) စီမံဆောင်ရွက်ရန်၊ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ရွှေ့ပြောင်းအလု ပ်သမားဇုန်နင်းအား 11 ခရိုင်ဖြစ်သော ပထုံဌာနီ၊ ချွန်ဘူရီ၊ စမုပရာကန်၊ စုရတ်ဌာနီ၊ ချင်းမိုင်၊ နွန်ထဘူရီ၊ နခွန်ပထုံ၊ ရယောင်း၊ ဖူးကက်၊ ဆုံခလာ နှင့် တာ့ခ် ခရိုင်များတွင် အလုပ်သမားဇုန်နင်းစီမံဆောင်ရွက်ရန်၊ ၎င်းစီမံဆောင်ရွက်ခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများအတွက် စည်းမျဉ်းစည်းကမ်းလိုက်နာစေရန် သတ်မှတ်ပေးခြင်း၊ ၎င်းတို့နေရာထိုင်ခင်းများ စည်းစနစ်တကျစီမံဆောင်ရွက်ပေးခြင်း နှင့် ၎င်းတို့နေရာထိုင်ခင်းအား ရပ်ကွက်လူထုကြား စည်းစနစ်တကျဖြစ်စေခြင်း၊ ခရိုင်အလိုက် ရွှေ့ပြောင်းအလုပ်သမားကိုယ်ရေးအချက်အလက်မှတ်တမ်း ပြုလုပ်နိုင်စေခြင်း၊ အလုပ်သမားအသစ် မှတ်ပုံတင်ခြင်းမပြုပဲ MOU စနစ်ဖြင့်သာ ခေါ်ယူစေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်အကိုင်အစွမ်းအရည်မြ ှင့်တင်ပေးခြင်း စသည်တို့အား ရည်ရွယ်သည် ။ 3 နိုင်ငံသားရွှေ့ပြောင်း အလုပ်သမားများသည် နေရာထိုင်ခင်းအတည်တကျဖြစ်၍ ကျန်းမာရေးကဏ္ဍမှာလည်း လွယ်ကူထိရောက်စွာစောင့်ရှောက်နိုင်မည်ဖြစ်၍ အထူးသဖြင့် ကူးစက်ရောဂါများဖြစ်သော ဆင်ခြေထောက်ရောဂါ၊ တီဘီရောဂါတို့အား တိုက်ဖျက်ရေး စနစ် သို့ သွင်းခြင်း၊ မိသားစုစီမံကိန်းချပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားဦးရေ ထိန်းချုပ်ခြင်းဖြင့် ထိုင်းတစ်နိုင်ငံလုံး 2.6 သန်းထက် မကျော်စေခြင်း၊ သန့်ရှင်းမှုနှင့် လုံခြုံမှုအား လွယ်ကူစွာ စောင့်ကြည့်နိုင်ခြင်း စသည် တို့ကိစ္စများအား 11 ခရိုင်မှ ဝန်ကြီးများအား ကြိုတင်၍အချက်အလက်များ ပို့ပေးကာ ယခုလာမည့် ဧပြီလ 2560 ခုနှစ်အတွင်း စီမံဆောင်ရွက်မည် ဖြစ်သည်။

စံပြဖုန်းနင်းအနေနှင့် လက်ရှိစီမံအကောင်အထည်ဖော်ပြီးဖြစ်သော ရနောင်းခရိုင်နှင့် စမုစာခွန်ခရိုင်တို့ဖြစ်သည်။ စမုစာခွန်ခရိုင်တွင် 3 နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားဦးရေကန့်သတ်ခြင်းမှာ 2.8 သန်းခန့်ဖြစ်ပြီး၊ ၎င်းတို့အား ဘန်းအူးဝါးအာ ထွန်၊ ထားကျင်ကျေးရွာအုပ်စုံတွင် ရွှေ့ပြောင်း အလုပ်သမား များနေထိုင်ရာ အိမ်ယာ အဖြစ်တည်ထောင်ပေးခဲ့သည်။ လက်ရှိ ရွှေ့ပြောင်းအလုပ်သမား 5 ထောင်ခန့် နေထိုင်လျက်ရှိပြီး စုစုပေါင်း လွတ်နေသောအခန်း 250 ခန်းဖြစ်သည်။ ကျန်ရှိသောအခန်း များအား အလုပ်ရှင်များမှ ၎င်းတို့အလုပ်သမားများအား အခန်းငှားပေးရန် အမြန်ဆုံး ဆောင်ရွက်သွားမည်။ အူးဝါးအာထွန် စီဖာဝါ စဝပ်ဒီချောင်းကမ်းနားတစ်လျှောက်တွင် ပြုပြင်မွမ်းမံလျက်ရှိသော တိုက်ခန်းအိမ်ယာ 18 ခုကို လည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်။ နောက်ထပ်ရွှေ့ပြောင်းအလုပ်သမား 3 ထောင်ခန့်အားထပ်မံနေရာထိုင်ခင်းစီစဉ်ပေးနိုင်မည်ဖြစ်၍ ၎င်းတို့ဝင်ရောက်နေထိုင်သောအခါ မှတ်ပုံတင်ခြင်း၊ နေရာထိုင်ခင်းစည်းမျဉ်း စည်းကမ်းသတ်မှတ်ခြင်း၊ လုံခြုံရေးမှု၊ သန့်ရှင်းမှု၊ အမှိုက်များစနစ်တကျ စီမံခြင်း၊ တစ်ကိုယ်သန့်ရှင်းမှု၊ ကူးစက်ရောဂါစောင့်ကြည့်ရေးနည်းစနစ်တို့ကို ဆောင်ရွက်ပေးမည်။ ထို့အပြင် နောက်ထပ် ရပ်ကွက် 5 ခုဖြစ်သော ခလောင်ခရုန္ဓတ်၊ စန်ကျောင်းဟာန်စီယူ၊ ဝပ်နွဲ့နန်ပောင်၊ ဘန်းခလောင် ကျိုတ်၊ ဘန်းနောင်းဘူဝါ တို့တွင် ဖုန်းနင်းစီမံဆောင်ရွက်မည်။ ရနောင်းခရိုင် တွင် ရွှေ့ပြောင်းအလုပ်သမားဦးရေ 6.7 သောင်းရှိပြီး ၎င်းအတွက် ဖုန်းနင်း သတ်မှတ်ထားသောနေရာ 2 ခုမှာ ဖယ်မိုင်ရပ်ကွက်တွင် အလုပ်သမားဦးရေ 9,300 ခန့်ဆန့်ပြီး ပတ်ခေါင်းရပ်ကွက်တွင် အလုပ်သမားဦးရေ 5,054 ခန့်ဆန့်သည်။ ထိုရွှေ့ပြောင်းအလုပ်သမားများအိမ်ယာနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ခရိုင်အဆင့် ထုတ်ပြန်ကြေငြာချက် ထုတ်ပြန်စေပြီး အဆောက်အအုံဆောက်လုပ်ရာတွင် ဒေသခံများအားအရင်းအနှီး ထုတ်ခွင့်ပေးမည်။ ထိုမှတဆင့် ရွှေ့ပြောင်း အလုပ်သမားများအား ပြန်လည်ငှားပေးခြင်းဖြင့် အစိုးရ၏ ဖုန်းနင်းစီမံကိန်းအား ရွှေ့ပြောင်းအလုပ်သမားတွေအတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယခုအခါ စီမံဆောင်ရွက်မည့် ဖုန်းနင်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ ဆန္ဒကိုဦးပေး၍ ၎င်းအိမ်ယာများတွင် ဝင်ရောက်နေထိုင်စေပြီး၊ ၎င်းအိမ်ယာဝင်းအတွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးနှင့် စောင့်ရှောက်မှုအမျိုးမျိုးတို့ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အထက်ဖော်ပြပါ အစီ အစဉ်များအား ပူးပေါင်းပါဝင်ခြင်းနှင့် လုပ်ငန်းရှင်များနှင့်လည်း တိုက်ရိုက်ပူးပေါင်းနိုင်ခြင်းဖြစ်သည်။ ထိုသို့ ပူးပေါင်းရာတွင် တင်းကြပ်သော စည်းကမ်းများချက် ချမှတ် ခြင်းမရှိသော်လည်း ဖုန်းနင်း၏ စည်းကမ်းချများကိုတော့ လိုက်နာရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စည်းကမ်းချက်များသည် လုံခြုံရေးအားအခြေခံထားသောကြောင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘောင်တစ်ခုအဖြစ်သတ်မှတ်ခံထားပြီး ၎င်းတို့၏ လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာအကန့်အသတ်တွေ ဖြစ်စေသည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် သီးသန့်ဖုန်းနင်းလုပ်ပေးခြင်း လူထုရပ်ကွက်မှ နေထိုင်မှုအား စီမံဆောင်ရွက်နိုင်သော်လည်း ရေရှည်တွင် ထိုင်းလူ မျိုးများနှင့် ရွှေ့ပြောင်းအလုပ်သမားများကြား ခွဲခြားမှုတွေဖြစ်ပေါ်စေသည်။ တချို့နိုင်ငံတွင် ဖုန်းနင်းစီမံမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရွှေ့ပြောင်းအလုပ်သမားမားနှင့် ဒေသခံများကြား ခွဲခြားမှုများ၊ မုန်းတီးမှုများဖြစ်ခဲ့သည်မှာ သာဓကပင်ဖြစ်သည်။ ဖုန်းနင်းစနစ်သည် အစိုးရအတွက် ရွှေ့ပြောင်းအလုပ်သမားများ နေထိုင်မှုစည်းကမ်းများ အလွယ်တကူစီမံဆောင်ရွက်နိုင်သော်လည်း ဒေသခံများနှင့် ရွှေ့ပြောင်းအလုပ် သမားများကြား ရင်းနှီးမှု၊ အတူတကွပူးပေါင်းနေထိုင်မှု၊ ယဉ်ကျေးမှုနှီးနှောဖလှယ်မှု နှင့် ဒေသအတွင်းထိုင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအတူတကွပူးပေါင်း နေထိုင်မှုတို့ကို ပျက်ပြားစေသည်။ ထို့အပြင် ဖုန်းနင်းအား လူထုရပ်ကွက်နှင့်ဝေးစေခြင်း၊ လုပ်ငန်းခွင် နှင့် ဝေးစေခြင်းတို့ကြောင့် ၎င်းအလုပ်သမားများအတွက် သယ်ယူပို့ ဆောင်ရေးကိုလည်း ထပ်မံစီမံပေးရမည့်အပြင် ကုန်ကျစရိတ်ကိုလည်း အစိုးရမှ ထပ်မံစီမံရမည် ဖြစ်သည်။ ရေရှည်အတွက် သုံးသပ်ရလျှင် ဖုန်းနင်းစီမံခြင်းသည် ရေတိုအတွက် စနစ်တကျ စီမံနိုင်သော်လည်း ရေရှည်တွင် လူမှုအသိုင်းအဝိုင်း အတွင်း စီစဉ်ဆောင်ရွက်ရခြင်း၊ ခွဲခြားဆက်ဆံခြင်းများသည် ပြဿနာများထပ်မံ ဖြစ်ပွားစေပြီး အာစီယံနိုင်ငံ ဖွံ့ဖြိုးတိုးရေးဖော်ဆောင်အတွက် မရှင်းမလင်းဖြစ်စေနိုင် သည်။

## 4. ထိုင်းနိုင်ငံသားမဟုတ်သောလူမှုဖူလုံရေးအာမခံပြုလုပ်ထားသောသူအားပင်စင်ငွေထုတ်ပေးခြင်းဆိုင်ရာသက္ကရာဇ် 2560

အစိုးရ၏ထုတ်ပြန်ကြေငြာချက်အရ၊ လူမှုဖူလုံရေးဥပဒေ ပုဒ်မ 77 အခွဲသုံးသည်၊ သက္ကရာဇ် 2558 ခုနှစ်တွင် ထပ်မံပြုပြင်သော ရွှေ့ပြောင်းအလုပ်သမားများ ပင်စင်ငွေ အကျိုးခံစားခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ပုဒ်မဖြစ်သည်။ ဤပုဒ်မတွင် "ထိုင်းနိုင်ငံသားမဟုတ်သော လူမှုဖူလုံရေးအာမခံလျှောက်ထားသူသည် ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင်ခြင်းမရှိတော့သည့်အချိန်မှစ၍ သတ်မှတ်ထားသော ငွေသွင်းကာလ တစ်ရာနှင့်တစ်ဆယ့်ရှစ်လပြည့်ခြင်း၊ မပြည့်ခြင်းနှင့် မဆိုင်ပဲ ပင်စင်ငွေအား အစိုးရထုတ်ပြန်ထားသောပုဒ်မနှင့် စည်းကမ်းချက်အရ ထုတ်ယူခွင့်ရှိရမည် ။" ဤထုတ်ပြန်ချက်ပုဒ်မတွင် ရွှေ့ပြောင်းအလုပ်သမားများ ပင်စာငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ စည်ကမ်းချက်များနှင့် သတ်မှတ်ချက်များအောက်ပါအတိုင်း ဖော်ပြထားသည်။

(1) လူမှုဖူလုံရေးအာမခံပြုလုပ်ထားသူသည် ၎င်းနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရကြား သဘောတူညီမှုပြုလုပ်ထားခြင်းဖြစ်ပါက ပင်စင်ငွေအား အသက် ငါးဆယ့်ငါးနှစ်ပြည့်ခြင်း၊ မပြည့်ခြင်းနှင့်မဆိုင်ပဲ ငွေထုတ်ယူခွင့်ရှိသည်။

(2) လူမှုဖူလုံရေးအာမခံပြုလုပ်ထားသူသည် နံပါတ် ၁ ချက်အရ အာမခံငွေပေးသွင်းကာလပြီးဆုံးခြင်းနှင့် ထိုင်းနိုင်ငံအတွင်းဆက်မနေတော့သည့်သူဖြစ်ရမည်။

(3) နံပါတ် ၁ ချက်အရ ပင်စင်ငွေထုတ်ပေးနှုန်းအား အောက်အတိုင်းဖြစ်သည်။

1) လူမှုဖူလုံရေးအာမခံငွေသွင်းရာတွင် ၁၂ လမပြည့်လျှင်၊ ထိုသူ၏အာမခံငွေသွင်းခဲ့သောနှုန်းအတိုင်း ပင်စင်ငွေနှင့် ကလေးထောက်ပံ့စရိတ်အဖြစ်ပြန်ရပိုင်ခွင့်ရှိသည်။

2) လူမှုဖူလုံရေးအာမခံငွေသွင်းရာတွင် ၁၂ လအထက်ဖြစ်ပြီး၊ ထိုသူ၏အာမခံငွေသွင်းခဲ့သောနှုန်းအတိုင်း ပင်စင်ငွေ၊ ကလေးထောက်ပံ့စရိတ် နှင့် လူမှုဖူလုံရေးဌာနမှ သတ်မှတ်ထားသော အကျိုးခံစားချက်များကို ရပိုင်ခွင့်ရှိသည်။

(4) လူမှုဖူလုံရေးအာမခံပြုလုပ်ထားသူ၏ စာရွက်စာတမ်းများ (သို့) ထိုင်းနိုင်ငံမှ အပြီးထွက်ခွာမည့်အထောက်အထားတို့ကို ယူဆောင်လာရမည်။

*ရွှေ့ပြောင်းအလုပ်သမားလူမှုဖူလုံရေးအာမခံပြုလုပ်ထားသူများ အလုပ် ငှားရမ်းမှုပြီး ဆုံးခြင်းနှင့် မိခင်နိုင်ငံသို့ပြန်လိုသူများအတွက် သတ်မှတ်ပေးသည့် အာမခံသွင်းငွေပြန်ထုတ်ယူခြင်းမှာ ရှင်းလင်းတိကျပြီး ဖြစ်သည်။ မူလနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများသည်လည်း မိမိနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့ကြား လူမှုဖူလုံရေးအာမခံမှ အသက်ကြီးသူများအကျိုးခံစားခွင့်ရစေရန် သဘောတူညီမှု ပြုလုပ်ရမည် ဖြစ်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ပြီး လူမှုဖူလုံရေးအာမခံပြုလုပ်ထားသူများအနေနှင့် မိခင်နိုင်ငံသို့ပြန်ကြရာတွင် အာမခံသွင်းငွေ ပြန်ထုတ်ယူမှုတွင် အထက်၌ဖော်ပြသည့် သတ်မှတ်ချက်များကြောင့် အာမခံသွင်းငွေ ပြန်ထုတ်ယူရန် အခက်အခဲများကြုံလျက်ရှိသည်။ လက်ရှိတွင် မည်သည့်နိုင်ငံကမှ ထိုင်းနိုင်ငံနှင့် လူမှုဖူလုံရေးအာမခံအကျိုးခံစားခွင့်နှင့်ပတ်သက်ပြီး သဘောတူညီမှုလက်မှတ်ထိုးထားခြင်း မရှိပါ။ ဥပဒေအရဖော်ပြထားသော်လည်း လက်တွေ့မှာ သတ်မှတ်ချက်များရှိသောကြောင့် ရွှေ့ပြောင်းအလုပ်သမားများသာ အခက်အခဲကြုံကြရသည်။*

***MWG** အနေနှင့်ဆက်လက်ဆောင်ရွက်ရန်ဖြစ်သော - ရွှေ့ပြောင်းအလုပ်သမားများ ၎င်းဥပဒေနှင့်ပတ်သက်ပြီး လူမှုဖူလုံရေးအာမခံအကျိုးခံစားခွင့်တို့ကို ပိုမိုသိရှိနားလည်လာစေရန် အချက်လက်စုဆောင်းပေးခြင်း။ တဆက်တည်းမှာ နံပါတ် ၁ ပါသတ်မှတ်ချက်ကို ဆန့်ကျင်ရန် လူမှုဖူလုံရေးရုံးသို့တောင်းဆိုခြင်း၊ ဥပဒေ၏သတ်မှတ်ချက်များကို ပြန်လည်ပြုပြင်ရာတွင် မူလနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့ ပူးပေါင်း၍ ရွှေ့ပြောင်းအလုပ်သမားများ အကျိုးခံစားခွင့်ဖြစ်ပေါ်စေရန် ရည်ညွှန်း၍ အတူတကွအဖြေရှာ ရန် ဖိအားပေးခြင်း စသည်တို့ဖြစ်သည်*

## ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆိုင်သောမူဝါဒနှင့်ဥပဒေများဖေဖော်ဝါရီလ 2560

### 1. ကမ္ဘောဒီးယားရွှေ့ပြောင်းအလုပ်သမားများနိုင်ငံသားစီစစ်ခြင်းနှင့်PP/TD နှင့် OCWC ပြန်လည်အပ်နှံခြင်းဆောင်ရွက်မှုများ

ဖေဖော်ဝါရီလ 14 ရက်နေ့ 2560 ခုနှစ်၊ ထိုင်း-ကမ္ဘောဒီးယားအစည်းအဝေးတစ်ရပ်အား အလုပ်သမားရှာဖွေရေးဝန်ကြီးဌာနတွင်ပြုလုပ်၍ အလုပ်သမားဝန်ကြီးရုံး လက်ထောက်အုပ်ချုပ်ရေးမှူး နိုင်နရာ နွန် ပီတိဝံမှ အစည်းအဝေးအား ဦးဆောင်ခဲ့သည်။ကမ္ဘောဒီးယားကိုယ်စားလှယ်များအား H.E. Mr. HENG Sour နာယကအဖြစ်ဦးဆောင်၍ (Passport : PP) သို့မဟုတ် (Travel Document : TD) နယ်ကျော်ကဒ် (OCWC) ကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအပ်နှံခြင်းဆိုင်ရာလုပ်ငန်းစဉ် 2 အုပ်စုခွဲသည်။ 1) ကမ္ဘောဒီးယားလုပ်သမားဦးရေ 80 ထက်များသောလုပ်ငန်းခွင်နှင့် 2) ကမ္ဘောဒီးယားလုပ်သမားဦးရေ 80 မပြည့်သော လုပ်ငန်းခွင်တို့ဖြစ်သည်။

**1) ကမ္ဘောဒီးယားလုပ်သမားဦးရေ80 ထက်များ သောလုပ်ငန်းခွင်**အတွက် ကမ္ဘောဒီးယားဘက် ကုမ္ပဏီပေါင်း 173 မှ စီစဉ်ဆောင်ရွက်ခြင်း။

1.1 မတ်လ 1 ရက်နေ့ 2560 မှစတင်၍ စီစဉ်ဆောင်ရွက်ရန်

1.2 အလုပ်ရှင်/လုပ်ငန်းခွင့်ပိုင်ရှင်များ၊ အလုပ်သမားရေးဝန်ကြီးဌာနနှင့် ခရိုင်အလုပ်သမားရှာဖွေရေးရုံးများထံသို့စာပို့၍ အလုပ်သမားဦးရေအကြောင်းကြားခြင်း။ နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခြင်း။ လုပ်ငန်းခွင်မှာတွင် အလုပ်သမားဦးရေသည် လက်ရှိဖော်ညွှန်းထားသော အရေအတွက်ထက်နည်းခြင်း (သို့) များခြင်းဖြစ်ရသော အကြောင်းရင်းမှာ တချို့အလုပ်သမားများသည် အလုပ်ရှင်ပြောင်းခြင်းနှင့် အလုပ်မှနုတ်ထွက်သွားခြင်းတို့ကြောင့် ဖြစ်သည်။ အလုပ်သမားများအတွက် စီစဉ်ဆောင်ရွက်ခြင်းများနှင့် လုပ်အားခထုတ်ပေးခြင်းတို့ကို ထိုင်း-ကမ္ဘောဒီးယား 2 ဘာသာဖြင့် စီစဉ်ဆောင်ရွက်ပေးသည်။

1.3 အလုပ်ရှင်မှ လက်ရှိရှိနေသောအလုပ်သမားများ၏ နာမည်များစစ်ဆေး ၍ ကမ္ဘောဒီးယားနိုင်ငံဘက်သို့ ပို့ပေးခြင်း (ကမ္ဘောဒီးယားဘက်မှဝန်ထမ်းများစစ်ဆေး၍အကြောင်းပြန်ပြီး)၊ အကယ်၍ အလုပ်သမားအနေနှင့်မှတ်ပုံတင်ခဲ့ဖူးခြင်းနှင့် နိုင်ငံသားစီစစ်မှုခံပြီးလျှင် အလုပ်ရှင်မှ ၎င်းတို့နာမည်စာရင်းအား အကြောင်းပြန်ရမည်။ ထပ်မံတိုးလာသောအလုပ်သမားများဖြစ်ပြီး နိုင်ငံသားစီစစ်မှုမခံရသေးသူများဖြစ်သော်လည်း၊ အလုပ်သမားမှတ်ပုံတင်၍ ပန်းရောင်ကဒ်ရှိသူများကို ကမ္ဘောဒီးယားဘက်မှ အချက်အချက်များစုဆောင်းကာ နောက်ပိုင်းနိုင်ငံသားစီစစ်ရေးလုပ်ဆောင်နိုင်ရန် ဖြစ်သည်။ ၎င်းအတွက် စီစဉ်ဆောင်ရွက်မှုအား လာမည့် ဇွန်လ 2560 ခုနှစ်အတွင်း ဖြစ်သည်။

1.4 အလုပ်ရှင်/လုပ်ငန်းပိုင်ရှင်များမှပေးပို့လာသောအချက်အလက်များအား ကမ္ဘောဒီးယားဘက်မှ 7 ရက်အတွင်းအကြောင်းပြန်ကာ PP/TD နှင့် OCWC နှင့်ပတ်သက်သော အချက်အလက်များ၏မိတ္တူတို့ကို ခရိုင်အလုပ်သမားရှာဖွေရုံးများနှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးရုံးများသို့လည်း ပို့ပေးခြင်း ဖြစ်သည်။

1.5 PP/TD နှင့် OCWCတို့ကိုပို့ပေးသောနေ့တွင် ကမ္ဘောဒီးယားဘက်မှ ဝန်ထမ်း 5 ဦးနှင့်အတူ နယ်မြေဆင်း၍ ပို့ပေးခြင်း ဖြစ်သည်။ ဝန်ထမ်းများတွင် နိုင်ငံကူးလက်မှတ်နှင့်တကွ ထိုင်းနိုင်ငံဆိုင်ရာကမ္ဘောဒီးယားသံရုံးတံဆိပ်ပါ ကိုယ်စားလှယ်ကဒ်များကိုင်ဆောင်၍ အလုပ်ရှင်များထံသွားရောက်ကြသည်။ ရွှေ့ပြောင်းအလုပ်သမားများအနေနှင့် စာရွက်စာတမ်းလက်ခံယူရန် တစ်ဦးလျှင် ဝန်ဆောင်ခ 950 ဘတ်သာကုန်ကျသည်။ အလုပ်ရှင်ကလည်း ရွှေ့ပြောင်းအလုပ်သမားများကိုယ်စား ၎င်းစာရွက်စာတမ်းများကို လက်မှတ်ထိုး၍ ယူထားပေးနိုင်သည်။ ထို့နောက် ကမ္ဘောဒီးယားဘက်မှ ၎င်းစာရွက်စာတမ်းမိတ္တူများကို အလုပ်သမားရှာဖွေရေးဝန်ကြီးဌာနနှင့် ခရိုင်အလုပ်သမားရှာဖွေရေးရုံးများသို့ ထပ်မံပို့ပေး၍ အကြောင်းကြားသည်။

1.6 PP/TD နှင့် OCWC များအားလက်ခံရရှိပြီးနောက် ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့စာအုပ်များအား တံဆိပ်တုံးထုရန်နှင့် ကုန်ကျစရိတ်မှာ ဘတ် 500 ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးရုံးမှလည်း ဝန်ထမ်းအင်အား 2 ဦးကို လုပ်ငန်းခွင်ရှိရာသို့စေလွှတ်၍ စာအုပ်တံဆိပ်တုံးထုခြင်း စီမံဆောင်ရွက်ပေးသည်။ ထို့နောက် ရွှေ့ပြောင်းအလုပ်မားများသည် ၎င်းတို့၏စာအုပ်များအားကိုင်ဆောင်၍ အလုပ်လုပ်ပါမစ်ယူရန် အလုပ်သမားရှာဖွေရေးရုံးသို့သွားရမည်။ ကုန်ကျစရိတ်မှာ ဘတ် 100 ဖြစ်သည်။

**2) ကမ္ဘောဒီးယားလုပ်သမားဦးရေ80 မပြည့်သော လုပ်ငန်းခွင်** အတွက် ကမ္ဘောဒီးယားဘက်မှ စီစဉ်ဆောင်ရွက်ခြင်း

2.1 PP/TD နှင့် OCWC များထုတ်ပေးသောစင်တာ 4 ခုကို ဘန်ကောက် (ကမ္ဘောဒီးယားသံရုံး)၊ ပထုံဌာနီ (စီယာရန်စိ(တ်)၊ ချွန်ဘူရီ (တက်စကိုလိုတက်စ် )နှင့် စမုပရာကန် (နေရာရှာဖွေနေဆဲ) တွင်ဖွင့်လှစ်ထားသည်။ နောက်ထပ်နေရာ 2 ခုထပ်မံတိုးချဲ့သည်မှာ ချဲချေ(န်)စောင် နှင့် ရယောင်း (ဆုံခလာတွင် ခဏဆိုင်ငံ့ထားခြင်း) တို့ဖြစ်၍ ထိုင်းဘက်မှ ၎င်းစီမံဆောင်ရွက်မှုအား ခရိုင်အလုပ်သမားရှာဖွေရေးရုံးများအား ကမ္ဘောဒီးယားဘက်ခြမ်းနှင့် ဆက်သွယ်စေမည် ဖြစ်သည်။ ဤစီစဉ်ဆောင်ရွက်မှုကို မတ်လ 2560 ခုနှစ်၊ တတိယအပတ်ထဲတွင် စတင်အကောင်အထည်ဖော်ရန် ဖြစ်သည်။

2.2 ကမ္ဘောဒီးယားဘက်မှ စင်တာများကို တစ်ပတ်လျှင် 6 ရက် (သောက်ကြာနေ့ပိတ်ခြင်း) ဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်မည်။ PP/TD နှင့် OCWC များကို တစ်ပတ်လျှင် အုပ်ရေ 2,500 ထုတ်ပေးနိုင်မည်ဖြစ်ပြီး၊ စုစုပေါင်းစီစဉ်ဆောင်ရွက်ချိန် 6 ပတ်ခန့် ဖြစ်မည်ဟု ခန့်မှန်းသည်။

2.4 အခြားခရိုင်များမှ PP/TD နှင့် OCWC လျှောက်ထားသူများအတွက် အင်တာနက်မှတစ်ဆင့်အကြောင်းကြားခြင်းနှင့် ရဲစခန်းတိုင်စာဖြင့် သတ်မှတ်ထားသော နယ်မြေ 6 ခု (ဘန်ကောက်၊ ပထုံဌာနီ၊ ချွန်ဘူရီ၊ စမုပရာကန်၊ ချဲချေ(န်)စောင် နှင့် ရယောင်း) တွင်လျှောက်ထားနိုင်ပြီး၊ ထို့နောက် ကမ္ဘောဒီးယားဘက်မှ စာအုပ်များကို ပြန်လည်ပို့ပေးအပ်နှံပေးမည်။ ၎င်းခရိုင်စီစဉ်ဆောင်ရွက်မှုအား ပထမအပတ်အတွင်း အမြန်ဆုံးဆောင်ရွက်ပေးမည် ဖြစ်သည်။

ထိုင်းဘက်မှ ထိုအစီအစဉ်များ ကို အလုပ်ရှင် /လုပ်ငန်းခွင်များထံ ဆက်သွယ်၍အကြောင်းကြားပေးမည် ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများ နှင့် ၎င်းတို့မှီခိုသူများအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်း စဉ် အစီအစဉ်များမှာ ထိုင်းဘက်မှ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ကမ္ဘောဒီးယားဘက်မှ အကြောင်းကြားသည်မှာ PP/TD နှင့် OCWC စီစဉ်ဆောင်ရွက်မှုမှာ ၃ ပုံ၊ ၁ ပုံပြီးပြီးဖြစ်၍၊ စာအုပ်အပ်နှံပေးပြီးမှ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်မည် ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အား ဖွန်လ 2560 ခုနှစ်အတွင်း စီစဉ်ဆောင်ရွက်မည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးစာအုပ်များကို အလုပ်သမားများမှ လာလျှောက်သောနေ့တွင် ချက်ချင်းလက်ခံနိုင်မည်ဖြစ်ကြောင့် ကမ္ဘောဒီးယားဘက်မှ အကြောင်းကြားခဲ့သည်။

## 2. ရွှေ့ပြောင်းအလုပ်သမားများငှားရမ်းခြင်းအားထိုင်းအစိုးရနှင့် လာအိုအစိုးရတို့၏ သဘောတူညီမှုပြုလုပ်ခြင်းနောက်ဆက်တွဲ

ဖေဖော်ဝါရီလ 7 ရက်နေ့ 2560 ခုနှစ်တွင် အစိုးရဝန်ကြီးအဖွဲ့၏ အလုပ်သမားဝန်ကြီးဌာနမှတင်ပြမှုအား သဘောတူညီခြင်းနှင့် အတည်ပြုခြင်းမှာ -

1. ရွှေ့ပြောင်းအလုပ်သမားများငှားရမ်းခြင်းမူကြမ်းအပေါ် ထိုင်းဘုရင်မင်းမြတ်အာဏာပိုင်နိုင်ငံတော် နှင့် လာအိုပြည်သူ့ဒီမိုကရေစီနိုင်ငံတော် တို့သဘောတူခြင်း
2. ထိုင်းနိုင်ငံဘက်မှ အလုပ်သမားရေးဝန်ကြီးအား ကိုယ်စားလှယ်အဖြစ်လွှဲအပ် သဘောတူစာချုပ်တွင် လက်မှတ်ခွင့်ပေးခြင်း
3. နိုင်ငံခြားရေးဝန်ကြီးဌာနမှ အလုပ်သမားရေးဝန်ကြီးအား အာဏာအပြည့် (full Powers) လွှဲပေး၍ သဘောတူစာချုပ်တွင် လက်မှတ်ထိုးခွင့်ပေးခြင်း
4. အကယ်၍ သဘောတူစာချုပ်တွင် အရေးမကြီးသောအကြောင်းအရာဖြစ်စေ၊ ထိုင်းနိုင်ငံ၏အကျိုးစီးပွားကိုမထိပါးခြင်းဖြစ်စေ၊ အစိုးရဝန်ကြီးများအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် ဆန့်ကျင်မှုမရှိခြင်းဖြစ်စေ ထိုသဘောတူစာချုပ်မူကြီးအား (ဖွန်လ 30 ရက်နေ့ 2558 ခုနှစ် အစည်းအဝေးမှ နှစ်နိုင်ငံကြားဆက်ဆံရေး၊ နှစ်နိုင်ငံကြား အဖွဲ့အစည်းလုပ်ငန်းသဘောအရ သဘောတူဆုံးဖြတ်ချက်အရ ) အလုပ်သမားရေးဝန်ကြီးမှ လိုအပ်သလို ပြင်ဆင်နိုင်ပြီး၊ အစိုးရဝန်ကြီးများအဖွဲ့သို့ နောက်ပိုင်းပြန်လည်တင်ပြနိုင်သည်။

သဘောတူစာချုပ်မူကြမ်းအား နှစ်နိုင်ငံကြား အလုပ်သမားငှားရမ်းမှုအပေါ် သတ်မှတ်ထားသောစည်းကမ်း များနှင့် အကျိုးစီးပွားတို့ကိုကောင်း မွန်စွာနားလည်သဘောတူစေရန် ဖြစ်သည်။ နှစ်နိုင်ငံကြား အလုပ်သမားငှားရမ်းမှုအပေါ် အလုပ်သမားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် အဓိကရည်ရွယ်ခြင်း ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် အလုပ်သမားများ ၏အခွင့်အရေးအကျိုးခံစားခွင့်တို့ကို နိုင်ငံ သီးသီးမှ ဥပဒေနှင့်အညီ အကာအကွယ်နိုင်ရန် ဖြစ်သည်။

အလုပ်သမားများပို့ဆောင်ခြင်းနှင့် ခေါ်ယူခြင်းများတွင် ဥပဒေ၊ နည်းလမ်းနှင့် စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ရန် ဦးတည်ချက်ထားသည်။ အလုပ်သမားများခေါ်ယူရာတွင် အလုပ်သမားများ ယုံကြည်စိတ်ချစေရန်နှင့် လွယ်ကူချောမွေ့စေရန် အလုပ်အကိုင်စာချုပ်နှင့် လိုအပ်သည့်စာရွက်စာတမ်းများရှိရမည် ။ အဆိုပါ အလုပ်သမားများငှားရမ်းခြင်းသည် ဥပဒေနှင့် နှစ်နိုင်ငံမဟာမိတ်သဘောတူညီမှုများနှင့်အညီ တိကျရှင်းလင်းစွာ၊ အရည်အသွေးပြည့်ဝစွာ စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။ အလုပ်သမားများသည် ကာကွယ်စောင့်ရှောက်မှုနှင့် တန်းတူအခွင့်အရေးခံစားခွင့်ရရှိရန်၊ ခွဲခြားပြုမှုခံရခြင်းမရှိစေရန်၊ အလုပ်အကိုင်စာချုပ်ပြီးဆုံးသည့်ကာလတွင်လည်း အမိနိုင်ငံသို့ပြန်လည်ပို့ဆောင်ရာတွင် နှစ်နိုင်ငံမဟာမိတ်သဘောတူညီချက်အရ ဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အပြင် အလုပ်သမားများငှားရမ်းခေါ်ယူခြင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးပိုင်းဆိုင်ရာ ဦးတည်၍ အလုပ်သမားများတရားမဝင် အဝင် - အထွက်တို့ကို စောင့်ကြည့်ရန် ဖြစ်သည်။

အလုပ်သမားများငှားရမ်းခြင်းသဘောတူစာချုပ် လက်မှတ်ထိုးခြင်းသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ခြင်း အလုပ်သမားအရေးကိစ္စများကို အနီးကပ်စီစဉ်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု အလုပ်သမားဝန်ကြီးဌာနက ဆိုသည်၊ အလုပ်သမားများ ပြည်ပမထွက်ခွာမီ သင်တန်းရရှိခြင်းသည် အလုပ်သမားကာကွယ်စောင့်ရှောက်မှုအကျိုးခံစားခွ င့်ရရှိစေခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် များစွာအထောက်အကူဖြစ်စေသည်။ ထိုသို့ စီစဉ်ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံကြား စီးပွားရေးနှင့် လူမှုရေးပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုပြီးအရည်အသွေးကောင်းမွန်စေခြင်းနှင့် အလုပ်သမားများအတွက်လည်း စနစ်ကျသော နည်းလမ်းဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်သည်။

ꩭꩭꩭꩭꩭ

## 3. လူကုန်ကူးမှုတိုက်ဖျက်ရာတွင်ထိုင်းနိုင်ငံအစိုးရနှင့်လာအိုနိုင်ငံအစိုးရတို့ပူးပေါင်းဆောင်ရွက်ခြင်း

ဖေဖော်ဝါရီလ 21 ရက်နေ့ 2560 ခုနှစ်တွင် ပြုလုပ်သောအစိုးရဝန်ကြီးများအဖွဲ့ အစည်းအဝေး၏ အတည်ပြုဆုံးဖြတ်ချက်ရ လူမှုဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဝန်ကြီး ဌာနမှ တင်ပြချက်များအား သဘောတူခြင်း -

1. ထိုင်းဘုရင်မင်းမြတ်အာဏာပိုင်နိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရေစီနိုင်ငံတော်ကြား လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်အား ပူးပေါင်းဆောင်ရွက်ရန် မူကြမ်းအား သဘောတူခဲ့သည်။

2. နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူမှုဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဝန်ကြီးဌာနအား အာဏာအပြည့် (full Powers) လွှဲပေး၍ သဘောတူစာ ချုပ်တွင် လက်မှတ်ထိုးခွင့်ပေးခြင်း

3. အကယ်၍ သဘောတူစာချုပ်တွင် အရေးမကြီးသောအကြောင်းအရာ ဖြစ်စေ၊ ထိုင်းနိုင်ငံ၏အကျိုးစီး ပွားကိုမထိပါးခြင်းဖြစ်စေ၊ အစိုးရဝန်ကြီးများအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် ဆန့်ကျင်မှုမရှိခြင်းဖြစ်စေ ထိုသဘောတူစာချုပ်မူကြီးအား (ဇွန်လ 30 ရက်နေ့ 2558 ခုနှစ် အစည်း အဝေးမှ နှစ်နိုင်ငံကြားဆက်ဆံရေး၊ နှစ်နိုင်ငံကြား အဖွဲ့အစည်းလုပ်ငန်းသဘောအရ သဘောတူဆုံးဖြတ်ချက်အရ ) အလုပ်သမားရေးဝန်ကြီးမှ လိုအပ်သလိုပြင်ဆင်နိုင်ပြီး၊ အစိုးရဝန်ကြီးများအဖွဲ့သို့ နောက်ပိုင်းပြန်လည်တင်ပြနိုင်သည်။

*သဘောတူညီမှုစာချုပ်ပြုလုပ်ခြင်းသည် အဓိကအရေးကြီးပြီး နှစ်နိုင်ငံအစိုးရကြား ကတိတည်ချည်နှောင်ခြင်းတစ်မျိုးလည်း ဖြစ်သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်အာဏာပိုင်နိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရေဒီနိုင်ငံတော်ကြား လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစ ဉ်များတွင် ပို၍ပူးပေါင်းဆောင်ရွက်မှုများဖြစ်စေနိုင်သော၊* ***1)*** *ကာကွယ်ရေး၊* ***2)*** *လူကုန်ကူးခံရ သည့် ဓါးစာခံများအား ကူညီခြင်း၊ စောင့်ရှောက်ခြင်း၊* ***3)*** *လူကုန်ကူးမှုအား ပူးပေါင်းတိုက်ဖျက်ခြင်း၊* ***4)*** *ပြန်လည်ပို့ဆောင်ခြင်းနှင့် လက်ခံခေါ်ယူခြင်း၊* ***5)*** *လူမှုအသိုင်းအဝိုင်းသို့ ပြန်လည်ပေါင်းစည်းမှုပေးခြင်း၊* ***6)*** *နိုင်ငံတော်အဆင့်ဆက်သွယ်ခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့များပူးပေါင်းဆောင်ရွက်ခြင်း၊* ***7)*** *လျှို့ဝှက်ချက်များ ထိန်းသိမ်းရေးအဖွဲ့*

သတင်းအရင်းမြစ်

มติคณะรัฐมนตรี วันที่ 17 มกราคม พ.ศ. 2560 สืบค้นจาก http://www.thaigov.go.th/news/contents/details/1385
มติคณะรัฐมนตรี วันที่ 24 มกราคม พ.ศ. 2560 สืบค้นจาก http://www.thaigov.go.th/news/contents/details/1464
มติคณะรัฐมนตรี วันที่ 7 กุมภาพันธ์ พ.ศ. 2560 สืบค้นจาก http://www.thaigov.go.th/news/contents/details/1761
มติคณะรัฐมนตรี วันที่ 14 กุมภาพันธ์ พ.ศ. 2560 สืบค้นจาก http://www.thaigov.go.th/news/contents/details/1852
สรุปการประชุมการประชุมคณะทำงานไทย -กัมพูชา สืบค้นจาก
http://www.doe.go.th/prd/main/service/param/site/1/cat/23/sub/0/pull/detail/view/detail/object_id/1760

Migrant Working Group မှ စုစည်းခြင်း

MIGRANT WORKING GROUP

Translation from Thai to Burmese by ECMA/ADRA